# ဘဏ်ဥပဒေ

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၁ | နိဒါန်း | .... | .... | ၇၉ |
| ၂ | အခန်း(၁)<br>အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | .... | .... | ၈၀ |
| ၃ | အခန်း(၂)<br>တည်ထောင်ခြင်းနှင့်ရည်ရွယ်ချက် | .... | .... | ၈၂ |
| ၄ | အခန်း(၃)<br>သုံးစွဲငွေထုတ်ခြင်းနှင့်စီမံခန့်ခွဲခြင်း | .... | .... | ၈၅ |
| ၅ | အခန်း(၄)<br>ရွှေနှင့်နိုင်ငံခြားသုံးငွေ | .... | .... | ၈၈ |
| ၆ | အခန်း(၅)<br>နိုင်ငံတော်အတွက် ဘဏ်အသီးသီး၏တာဝန်များ | .... | .... | ၉၀ |
| ၇ | အခန်း (၆)<br>ဘဏ်လုပ်ငန်းများ | .... | .... | ၉၂ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၈ | အခန်း (၇) ပြည်ထောင်စုမြန်မာနိုင်ငံဘဏ် | .... | | ၉၄ |
| ၉ | အခန်း (၈) မြန်မာ့စီးပွားရေးဘဏ် | .... | .... | ၉၈ |
| ၁၀ | အခန်း (၉) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် | .... | .... | ၁၀၄ |
| ၁၁ | အခန်း (၁၀) မြန်မာ့စိုက်ပျိုးရေးဘဏ် | .... | .... | ၁၀၈ |
| ၁၂ | အခန်း (၁၁) ငွေစာရင်းများနှင့်စာရင်းစစ်ဆေးခြင်း | .... | .... | ၁၁၂ |
| ၁၃ | အခန်း (၁၂) အထွေထွေ | .... | .... | ၁၁၃ |

# ဘဏ်ဥပဒေ

[၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေ အမှတ် ၉]

## နိဒါန်း

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်တွင် ချမှတ် အကောင်အထည်ဖော်လျက်ရှိသော စီးပွားရေးစီမံကိန်းများကို စီးပွားရေးမူဝါဒပါ ငွေကြေးနှင့် ဘဏ်လုပ်ငန်းမူဝါဒအရ စနစ်တကျအကောင်အထည်ဖော်နိုင်ရန်လည်းကောင်း၊ လက်ရှိဘဏ်ကို စီးပွားရေးဆန်သော ဘဏ်များဖြစ်လာအောင် ပြုပြင်တည်ထောင်ရန် လည်းကောင်း ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

# အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ဘဏ်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် —

(က) **ဘဏ်** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၃ အရ တည်ထောင်ထားသော ဘဏ်အသီးသီးကိုဆိုသည်၊

(ခ) **ဘဏ်လုပ်ငန်း** ဆိုသည်မှာ ဤဥပဒေပါဘဏ်အသီးသီး၏ လုပ်ငန်းအဝဝကိုဆိုသည်၊

(ဂ) **ငွေစက္ကူ** ဆိုသည်မှာ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်က ထုတ်သောငွေစက္ကူကို ဆိုသည်၊ ယင်းတွင် ယခင်ကထုတ်ထားသော တရားဝင် ငွေစက္ကူများလည်း ပါဝင်သည်၊

(ဃ) **ဒင်္ဂါး** ဆိုသည်မှာ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်က ထုတ်သော ကျပ်

ဒင်္ဂါးနှင့် အကြွေတို့ကိုဆိုသည်။ ယင်းတွင် ယခင်က ထုတ်ထားသော တရားဝင် ကျပ်ဒင်္ဂါးနှင့် အကြွေများ လည်း ပါဝင်သည်၊

(င) ရွှေ ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ ပေးယူဖလှယ်မှု၌ သတ်မှတ် အသုံးပြုသည့် စံချိန်မှီ ရွှေတုံး ရွှေခဲများကို ဆိုသည်၊

(စ) သုံးစွဲငွေ ဆိုသည်မှာ ငွေစက္ကူနှင့်ဒင်္ဂါးတို့ကိုဆိုသည်၊

(ဆ) လှည့်လည်သုံးစွဲငွေဆိုသည်မှာဘဏ်အသီးသီး လက်ဝယ်ရှိ ငွေစက္ကူနှင့်ဒင်္ဂါးများမှအပ လှည့်လည်သုံးစွဲလျက်ရှိသည့် သုံးစွဲငွေကိုဆိုသည်၊

(ဇ) နိုင်ငံခြားသုံးငွေ တွင် အောက်ပါတို့ပါဝင်သည် —

(၁) နိုင်ငံခြားငွေများ၊

(၂) အပြည်ပြည်ဆိုင်ရာ ဘဏ်များ၊ နိုင်ငံခြားရှိ ဘဏ်များနှင့် ငွေတိုက်များတွင် အပ်ငွေများ၊

(၃) နိုင်ငံခြား အစိုးရများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ ငွေချေးသက်သေခံ လက်မှတ်များနှင့် အသုံးပြုသည့် စာချုပ်စာတမ်းများ၊

(၄) တနိုင်ငံမှ တနိုင်ငံသို့ ငွေများ လွှဲပြောင်း ရာတွင် အသုံးပြုသည့် စာချုပ်စာတမ်းများ။

## အခန်း (၂)

## တည်ထောင်ခြင်းနှင့်ရည်ရွယ်ချက်

၃။ ဝန်ကြီးအဖွဲ့သည် ဘဏ်လုပ်ငန်းဆိုင်ရာ ကိစ္စအဝဝကို စနစ်တကျ ဆောင်ရွက်နိုင်ရန် လက်ရှိဘဏ်ကို အောက်ဖော်ပြပါအတိုင်း ပြင်ဆင် တည်ထောင်ရမည်—

(က) ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်၊

(ခ) မြန်မာ့စီးပွားရေးဘဏ်၊

(ဂ) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊

(ဃ) မြန်မာ့စိုက်ပျိုးရေးဘဏ်။

၄။ (က) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးသည် ဘဏ် အသီးသီးကို တာဝန်ယူကြီးကြပ်ကွပ်ကဲရမည်၊

(ခ) ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်သည် နိုင်ငံတော်၏ ဗဟို ဘဏ်အဖြစ်ဆောင်ရွက်၍ဘဏ်အသီးသီး၏ဘဏ်လုပ်ငန်း ဆိုင်ရာကိစ္စရပ်များ စနစ်တကျရှိစေရန် လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် စာရင်း စစ်ဆေးခြင်းတို့ကို ပြုလုပ်ရမည်၊

(ဂ) ဘဏ်အသီးသီးသည် ကိုယ်ပိုင်အမည်၊ တံဆိပ်ဖြင့် လုပ်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲပိုင်ခွင့်နှင့် တရားစွဲ ခံပိုင်ခွင့်ရှိသော အဖွဲ့ အစည်းများဖြစ်သည်၊

(ဃ) ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်ကို ဒါရိုက်တာ အဖွဲ့ဖြင့်လည်းကောင်း၊ ကျန်ဘဏ်အသီးသီးကို စီမံခန့်ခွဲမှုအဖွဲ့ဖြင့်လည်းကောင်း စီမံခန့်ခွဲရမည်။

၅။ ဘဏ်အသီးသီးကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် တည်ထောင်ထားရှိသည် —

(က) နိုင်ငံတော်၏နှစ်စဉ်၊ နှစ်တို၊ နှစ်ရှည် စီးပွားရေးစီမံကိန်းပါ ရည်မှန်းချက်များအောင်မြင်စေရန်၊

(ခ) နိုင်ငံပိုင်လုပ်ငန်းများကို စီးပွားရေးဆန်ဆန် ဆောင်ရွက်ရေး၊ ကုန်ထုတ်စွမ်းရည် မြှင့်တင်ရေး၊ စီးပွားရေးစီမံကိန်းအရ ဆောင်ရွက်ရာတွင် ငွေရေး ကြေးရေး ရှုဒေါင့်မှ ကြီးကြပ်ပေးရန်၊

(ဂ) စီမံကိန်းပါ ဘဏ္ဍာရေး လုပ်ငန်းများနှင့် ဘဏ္ဍာငွေအရ-အသုံးစာရင်းပါ လုပ်ငန်းများအတွက် ကြီးကြပ်ရန်နှင့်အကြံဉာဏ်ပေးရန်၊

(ဃ) နိုင်ငံတော်၏ ဘဏ္ဍာငွေအခြေအနေ ပြေလည်ရေးအတွက် စီစဉ်ရေးနှင့် ရှင်သန်တိုးပွားစေရေးအတွက် အားပေးရန်၊

(င) ပြည်တွင်းပြည်ပတွင် မြန်မာ့ကျပ်ငွေ အခြေအနေ ခိုင်ခံ့တည်မြဲစေရန်၊

(စ) ဘဏ်လုပ်ငန်းများ တိုးတက်စေရန်။

၆။ (က) ဘဏ်အသီးသီး၏ဖွဲ့စည်းပုံကို ရှိရင်းစွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရေးဆွဲဆောင်ရွက်ရမည်၊

(ခ) ဘဏ်ဒေသသီးသီး၏ရုံးချုပ်ကို ရန်ကုန်မြို့တော်တွင် ထားရှိရမည်၊

(ဂ) ပြည်တွင်းတွင် ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ ဖွဲ့စည်းပုံအတွင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဘဏ်ခွဲများ၊ ရုံးများ ဖွင့်လှစ်နိုင်သည်၊ သို့မဟုတ် ကိုယ်စားလှယ်များ ခန့်ထားနိုင်သည်။

# အခန်း (၃)

## သုံးစွဲငွေထုတ်ခြင်းနှင့် စီမံခန့်ခွဲခြင်း

၇။ (က) နိုင်ငံတော်တွင် သုံးစွဲငွေဖြင့် ဖော်ပြသည့်တန်ဘိုးမှန်သမျှကို ကျပ် ဖြင့်ဖော်ပြရမည်၊

(ခ) ငွေတကျပ်ကို အပိုင်းတရာပိုင်း၍ တပိုင်းကို ပြားဟုခေါ်ရမည်။

၈။ ဥပဒေနှင့်အညီ ငွေကြေးနှင့်စပ်လျဉ်းသည့်၊သို့မဟုတ် ငွေကြေးဖြင့်ပေးရန်ရှိသည့် စာချုပ်စာတမ်း၊ သို့မဟုတ် အလုပ်ကိစ္စ၊ သို့မဟုတ် ကြေးမြီတာဝန်တခုခုတွင် နိုင်ငံခြားသုံးငွေဖြင့် ပြုလုပ်ကြောင်း အတိအလင်းသဘောတူညီချက်မရှိခဲ့လျှင် ယင်းကို နိုင်ငံတော်အတွင်းတွင် ကျပ်ငွေဖြင့်ပြုလုပ်သည်ဟု မှတ်ယူရမည်။

၉။ (က) ကျပ်ငွေကို ငွေစက္ကူ၊ သို့မဟုတ် ဒင်္ဂါးအဖြစ်ဖြင့် ထုတ်ရမည်၊

(ခ) ငွေစက္ကူများနှင့် ဒင်္ဂါးများ၏ တန်ဘိုး၊ အဆင်အပြင်၊ ပြုလုပ်သည့် ဝတ္ထုပစ္စည်းနှင့် အခြား ခွဲခြားနိုင်သည့် လက္ခဏာများသည် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနကသတ်မှတ်သည့်အတိုင်း ဖြစ်စေရမည်။

၁၀။ (က) နိုင်ငံတော်တွင် ပြည်ထောင်စု မြန်မာနိုင်ငံ ဘဏ်ကသာ လျှင်ငွေစက္ကူနှင့် ဒင်္ဂါးထုတ်ပိုင်ခွင့်ရှိသည်။ ယင်းသို့ငွေ စက္ကူနှင့် ဒင်္ဂါး ထုတ်သည့်အခါ ငွေသားစီမံကိန်းအရ သာဖြစ်ရမည်၊

(ခ) နိုင်ငံတော်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ ဘဏ်မှတပါး မည်သူမျှ ငွေစက္ကူ၊ သို့မဟုတ် ဒင်္ဂါးကဲ့သို့ အသုံးချနိုင် သော စာချုပ်စာတမ်း တခုခုကိုဖြစ်စေ၊ အရာဝတ္ထု တခုခုကိုဖြစ်စေ ထုတ်ပိုင်ခွင့်မရှိရ၊ သို့မဟုတ်လက်ခံပိုင်ခွင့် မရှိရ၊

(ဂ) လက်ဝယ်ရှိသူက တောင်းဆိုသည့်အခါ ဘဏ်တွင်အပ်နှံ ထားသော ငွေများမှ ငွေလက်ငင်း ထုတ်ပေးရမည့် ချက်လက်မှတ်များနှင့် ငွေလွှဲလက်မှတ်များကိုပုဒ်မခွဲ (ခ) အလို့ငှါ ငွေစက္ကူကဲ့သို့ အသုံးချနိုင်သော စာချုပ် စာတမ်းများဟူ၍ မမှတ်ယူရ။

၁၁။ (က) ဤဥပဒေအရ ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်က ထုတ် သည့် ငွေစက္ကူနှင့် ဒင်္ဂါးများသည် လည်းကောင်း၊ ဤ ဥပဒေပြဋ္ဌာန်းသည့် နေ့တွင်တည်ရှိနေသည့်တရားဝင် ငွေ စက္ကူနှင့် ဒင်္ဂါးများသည် လည်းကောင်း နိုင်ငံတော် ကောင်စီက တရားဝင်ငွေအဖြစ်မှ ရပ်စဲကြောင်း မကြေ ညာမချင်း တရားဝင်ငွေအဖြစ်တည်စေရမည်၊

(ခ) ငွေအကြေကိုသုံးစွဲရာတွင် တကျပ်တန်ဘိုးအထိ လက်ခံရ မည်။ တကျပ်တန်ဘိုးထက်ပိုမိုသော ငွေအကြေကိုလက်ခံ ရန်ငြင်းဆိုခွင့်ရှိသည်။

၁၂။ (က) နိုင်ငံတော်ကထုတ်ထားသောတရားဝင်သုံးစွဲငွေအားလုံးကို ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်က တာဝန်ယူသည်၊

(ခ) တရားဝင်သုံးစွဲနိုင်သည့် ငွေစက္ကူ၊ သို့မဟုတ် ဒင်္ဂါးများကို လဲလှယ်ရန် တောင်းဆိုသည့်အခါ ဘဏ်လုပ်ငန်း အသီး သီးသည် အခမဲ့လဲလှယ်ပေးရမည်၊

(ဂ) ရှိရင်းစွဲ ဥပဒေတရပ်ရပ်တွင် မည်သို့ပင်ပါရှိ စေကာမူ ပျောက်ဆုံးသော၊ သို့မဟုတ်ခိုးရာပါသော၊ သို့မဟုတ် ချွတ်ယွင်းသော၊ သို့မဟုတ် ပုံသဏ္ဍာန်ပျက်သော ငွေစက္ကူ၏ တန်ဘိုးကိုဖြစ်စေ၊ ဒင်္ဂါးတခုခု၏ တန်ဘိုးကိုဖြစ်စေ ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်ထံမှ ရပိုင်ခွင့်ရှိသည့် အနေဖြင့် မည်သူမျှ တောင်းဆိုခွင့် မရှိစေရ။ သို့ရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်က ယင်းကဲ့သို့သော ငွေစက္ကူနှင့် ဒင်္ဂါးတန်ဘိုးကို စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိစစ်၍ ပြန်လည်ထုတ်ပေးနိုင်သည်။

၁၃။ ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်သည် မိမိထုတ်သောငွေစက္ကူနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ၁၉၅၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ် အက်ဥပဒေနှင့် ၁၉၆၇ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ဘဏ် ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ထုတ်သော ငွေစက္ကူနှင့်စပ်လျဉ်း၍ ဖြစ်စေ တံဆိပ်ခေါင်းခွန်၊ သို့မဟုတ် အလားတူ အခွန်ပေးဆောင်ရန် တာဝန်မရှိစေရ။

# အခန်း (၄)

## ရွှေနှင့် နိုင်ငံခြားသုံးငွေ

၁၄။ (က) ဘဏ်အသီးသီးရှိ ရွှေနှင့်နိုင်ငံခြားသုံးငွေတို့ကို နိုင်ငံတော်ကသာပိုင်ဆိုင်သည်။ သို့ရာတွင်ဘဏ်မှ ချေးငွေကိုယူရန် အပေါင်ထားသည့် ရွှေ ငွေ လက်ဝတ် လက်စားနှင့် စိန်၊ ကျောက်မျက် ရတနာ၊ ပုလဲစသည်များဖြင့် ပြုလုပ်သည့် ရွှေလက်ဝတ် လက်စားများ၊ ဘဏ်တွင်လုံခြုံစွာ ထိန်းသိမ်းရန် ပေးအပ်သော ရွှေလက်ဝတ်လက်စားနှင့် ရွှေများမပါဝင်စေရ၊

(ခ) နိုင်ငံတော်က ပိုင်ဆိုင်သည့် ရွှေနှင့်နိုင်ငံခြား သုံးငွေတို့ကို စီမံကြီးကြပ်ကွပ်ကဲရန် ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်က တာဝန်ယူရမည်။ သို့ရာတွင်ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်၏ စီမံကြီးကြပ်မှုဖြင့် မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်အား နိုင်ငံခြားသုံးငွေရောင်းဝယ် ဖောက်ကားခွင့် ပေးနိုင်သည်။

၁၅။ (က) ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်သည် မိမိလက်ဝယ်ရှိ နိုင်ငံတော်ပိုင်ရွှေနှင့် နိုင်ငံခြားသုံးငွေတို့ကို နိုင်ငံခြား

ဘဏ်များတွင် အပ်ငွေအဖြစ် သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံငွေအဖြစ် သော်လည်းကောင်း ထားပိုင်ခွင့်ရှိသည်၊

(ခ) မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်သည် မိမိလက်ဝယ်ရှိ နိုင်ငံခြားသုံးငွေကို နိုင်ငံခြားဘဏ်များတွင် အပ်ငွေအဖြစ်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံငွေ အဖြစ်သော်လည်းကောင်း ထားပိုင်ခွင့်ရှိသည်။

၁၆။ (က) နိုင်ငံခြားနှင့် ငွေကြေး ဆက်သွယ်ရေး အလုပ်ကိစ္စများအတွက် ရွှေ၊ သို့မဟုတ် လိုအပ်သည့် နိုင်ငံခြားသုံးငွေတို့၏ ကျပ်ငွေနှင့်တူညီသည့် တရားဝင် ဈေးနှုန်းများကိုစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်က သတ်မှတ်ကြေညာပေးရမည်၊

(ခ) ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်သည် ပုဒ်မခွဲ (က) အရ သတ်မှတ်ချက်ကို အခြေပြု၍ နိုင်ငံခြားသုံးငွေရောင်းချသည့် ဈေးနှုန်းနှင့် ဝယ်ယူသည့်ဈေးနှုန်းတို့ကို စည်းကမ်းချက်နှင့်အညီ သတ်မှတ်ရောင်းဝယ်ရမည်၊

(ဂ) နိုင်ငံခြားသုံးငွေတခုခုအတွက် လဲလှယ်နှုန်းကို ကမ္ဘာ့ဈေးကွက် အခြေအနေအရ ကြေညာရန် မသင့်ဟုယူဆလျှင် ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်သည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ယင်းနိုင်ငံခြားသုံးငွေ၏ ဈေးနှုန်းကို မကြေညာပဲ နေနိုင်သည်။

၁၇။ ကျပ်ငွေ၏တရားဝင်ဈေးနှုန်းပြောင်းလဲခြင်းကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်နှင့် မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်တို့၏ ရပိုင်ခွင့်စာရင်းရှိ ရွှေနှင့် နိုင်ငံခြားသုံးငွေများ၏ တန်ဘိုးကိုပြန်လည်သတ်မှတ်ရသဖြင့်ဖြစ်ပေါ် လာသည့် အမြတ်ငွေ၊ သို့မဟုတ် အရှုံးငွေကို ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်ဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ညွှန်ကြားသည့်အတိုင်း ယင်းဘဏ်တို့က စီမံခန့်ခွဲရမည်။

# အခန်း (၅)

## နိုင်ငံတော်အတွက် ဘဏ်အသီးသီး၏ တာဝန်များ

၁၈။ (က) ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်သည် နိုင်ငံတော်၏ဘဏ္ဍာတော်ထိန်းအဖြစ် ဆောင်ရွက်ရမည်၊

(ခ) ဘဏ်အသီးသီးသည် နိုင်ငံတော်၏ ဘဏ္ဍာရေးကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ရာ၌ ပုဒ်မ ၂၂ တွင် ဖော်ပြထားသော ဆောင်ရွက်ပိုင်ခွင့်ရှိသည့်လုပ်ငန်းများကိုလည်း တိုက်ရိုက်ဖြစ်စေ၊ မိမိ၏ ကိုယ်စားလှယ်များမှ တဆင့်ဖြစ်စေ နိုင်ငံတော်အတွက် ဆောင်ရွက်ရမည်၊

(ဂ) ဘဏ်အသီးသီးသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ပေးအပ်သောအခြား လုပ်ငန်းများကိုလည်း ဆောင်ရွက်ရမည်။

၁၉။ ဘဏ်အသီးသီးသည် ဝန်ကြီးအဖွဲ့၊ သို့မဟုတ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ညွှန်ကြားသည့် ကိစ္စများအတွက် နိုင်ငံခြား၊ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးအဖွဲ့အစည်းများနှင့် သော်လည်းကောင်း၊

နိုင်ငံခြားအစိုးရများနှင့် သော်လည်းကောင်း ဆက်သွယ်ခြင်း၊ စေ့စပ်ပြောဆိုခြင်း၊ သို့မဟုတ် အလုပ်ကိစ္စများဆောင်ရွက်ခြင်းပြုရမည်။

၂၀။ နိုင်ငံတော်၏ ပြည်တွင်းပြည်ပ စီးပွားရေးရာကိစ္စများတွင် ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးရှုဒေါင့်မှ ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်က စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအား အကြံပေးရမည်။

၂၁။ (က) ဘဏ်အသီးသီးသည် နိုင်ငံတော်၏ စီမံကိန်းအရ ခွင့်ပြုထားသည့်ကိစ္စများအတွက် နိုင်ငံတော်၏ အဖွဲ့အစည်းများအား ငွေများထုတ်ချေးနိုင်သည်၊

(ခ) ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို နိုင်ငံတော်၏ စီးပွားရေးနှင့် ဘဏ္ဍာရေး မူဝါဒများနှင့်အညီ သတ်မှတ်ဆောင်ရွက်ရမည်။

# အခန်း (၆)

## ဘဏ်လုပ်ငန်းများ

၂၂။ ဘဏ်အသီးသီးသည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်—

(က) အပ်ငွေများကို လက်ခံခြင်း၊

(ခ) အာမခံနှင့်ဖြစ်စေ၊ အာမခံမရှိပဲဖြစ်စေ ငွေများထုတ်ချေးခြင်းနှင့် ကြိုတင်ထုတ်ပေးခြင်း၊ သို့မဟုတ် အပ်ငွေထက်ပို၍ ငွေထုတ်ခွင့်ပြုခြင်း၊

(ဂ) ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ ငွေထုတ်ပေးရမည့် ငွေပေးအမိန့်လက်မှတ်များနှင့် အခြား စာချုပ်စာတမ်းများကို လက်မှတ်ရေးထိုးခြင်း၊ လက်ခံခြင်း၊ လျှော့နှုန်းဖြင့် ငွေလဲခြင်း၊ ဝယ်ယူခြင်းနှင့် ရောင်းချခြင်း၊

(ဃ) ငွေလွှဲလက်မှတ်များ၊ ကြေးနန်းငွေလွှဲစာများနှင့် အခြားငွေလွှဲစာများကို ထုတ်ပေးခြင်း၊ ဝယ်ယူခြင်းနှင့် ငွေလွှဲစာတမ်းများကို ထုတ်ပေးခြင်း၊ လက်ခံခြင်း၊

(င) နိုင်ငံတော်ကသော်လည်းကောင်း၊ နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းကသော်လည်းကောင်း၊ နိုင်ငံခြားအစိုးရက

သော်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း တခုခုကသော်လည်းကောင်း ထုတ်သော၊ သို့မဟုတ် အာမခံသော အပေါင်စာချုပ်များ၊ ဒီဘင်ချာစာချုပ်များ၊ ခံဝန်ချုပ်များနှင့် အခြားငွေချေးသက်သေခံလက်မှတ်များကို ရင်းနှီးခြင်းနှင့် ရောင်းဝယ်ခြင်း၊

(စ) အာမခံဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ လျှော်ကြေးအတွက်သော်လည်းကောင်း၊ ခံဝန်အတွက် သော်လည်းကောင်း၊ အာမခံအတွက်သော်လည်းကောင်း ပရိုညာဉ် စာချုပ်များကို ချုပ်ဆိုခြင်း၊

(ဆ) ဘဏ်၏လုပ်ငန်းများကိုဆောင်ရွက်ရန် ငွေချေးယူခြင်းနှင့် ယင်းသို့ချေးယူသည့် ငွေများအတွက် မိမိပိုင်ပစ္စည်းများကို အာမခံအဖြစ် ပေါင်နှံခြင်း၊

(ဇ) ငွေရေးကြေးရေး လုပ်ငန်းများတွင်လည်းကောင်း၊ ငွေချေး သက်သေခံ လက်မှတ်များနှင့် အစုရှယ်ယာများ ရောင်းဝယ်ရာတွင် လည်းကောင်း ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း၊

(ဈ) လုံခြုံစွာထိန်းသိမ်းရန် ပေးအပ်သော လက်ဝတ်လက်စား ကျောက်မျက်ရတနာ၊ ငွေချေးသက်သေခံ လက်မှတ်များနှင့် အခြားအဘိုးတန် ပစ္စည်းများနှင့် စာချုပ်စာတမ်းများကို လက်ခံခြင်း၊ ထို့ပြင် ယင်းချေးငွေ သက်သေခံလက်မှတ်များ၏ငွေရင်းမှုဖြစ်စေ၊ အတိုးမှုဖြစ်စေ၊ အမြတ်ဝေစုမှုဖြစ်စေ ရရှိသည့်ငွေများကို ကောက်ခံခြင်း၊

(ည) နိုင်ငံပိုင်အဖွဲ့အစည်းများကို ဘဏ်ကြီးကြပ်မှု ပြုလုပ်ခြင်း။

၂၃။ နိုင်ငံတော်အတွင်း ချက်လက်မှတ်၊ ငွေလွှဲလက်မှတ်၊ သို့မဟုတ် ငွေထုတ်အမိန့်များဖြင့် ထုတ်ယူနိုင်သည့် အပ်ငွေများကို လက်ခံခြင်း၊ သို့မဟုတ် အပ်ငွေများဖန်တီးခြင်းကို ဤဥပဒေအရ တည်ထောင်ထားသည့် ဘဏ်များမှတပါး အခြားမည်သူမျှမလုပ်ရ။

## အခန်း (၇)

## ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်

၂၄။ (က) ပြည်ထောင်စုမြန်မာနိုင်ငံဘဏ် ဒါရိုက်တာအဖွဲ့ကို အဖွဲ့ဝင် အနည်းဆုံး ၁၅ ဦးမှ အများဆုံး ၂၅ ဦးဖြင့် ဖွဲ့စည်းရမည်၊

(ခ) ဒါရိုက်တာအဖွဲ့တွင်အောက်ပါပုဂ္ဂိုလ်များပါဝင်ရမည်—

(၁) ပြည်ထောင်စုမြန်မာနိုင်ငံဘဏ် ဥက္ကဋ္ဌ၊

(၂) ပြည်ထောင်စုမြန်မာနိုင်ငံဘဏ် ဒုတိယဥက္ကဋ္ဌ၊

(၃) အချိန်ပြည့်အမှုဆောင်ဒါရိုက်တာများ၊

(၄) ကျန်ဘဏ်အသီးသီး၏ အကြီးအကဲများ၊

(၅) သင့်လျော်သော နိုင်ငံသားများ။

၂၅။ (က) ပြည်ထောင်စု မြန်မာနိုင်ငံဘဏ် ဥက္ကဋ္ဌသည် ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ယင်းဘဏ်၏ဒုတိယ ဥက္ကဋ္ဌသည် အဖွဲ့၏ဒုတိယ ဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်ရမည်၊

(ခ) ဒါရိုက်တာအဖွဲ့သည် အဖွဲ့ဝင်မဟုတ်သော ဘဏ်ဝန်ထမ်းတဦးကို အဖွဲ့၏အတွင်းရေးမှူးအဖြစ် ခန့်ထားရမည်။

၂၆။ ဒါရိုက်တာအဖွဲ့သည်—

(က) ဤဥပဒေပါ ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်၏ လုပ်ပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများကို တာဝန်ယူ ဆောင်ရွက်ရမည်၊

(ခ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ လိုအပ်သည့် မူဝါဒများ ချမှတ်၍ ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်၏ လုပ်ငန်းများကို ကြပ်မရမည်။

၂၇။ (က) ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်၏ မူလ မ,တည်ငွေရင်းသည် ကျပ်သန်းပေါင်း နှစ်ရာဖြစ်သည်။ ယင်းငွေကို နိုင်ငံတော်က အပြည့်ထည့်ဝင်ရမည်၊

(ခ) မ,တည်ငွေကို နိုင်ငံတော်၏ဘဏ္ဍာငွေ အရ-အသုံးဆိုင်ရာ ဥပဒေအရသာ တိုးနိုင်သည်။

၂၈။ (က) ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်တွင် သီးသန့်ရန်ပုံငွေ ရှိရမည်၊ သီးသန့်ရန်ပုံငွေတွင် အောက်ပါငွေများ ပါဝင်ရမည်—

(၁) နိုင်ငံတော်က ကနဦးထည့်ဝင်သော ကျပ်သန်းပေါင်း ငါးဆယ်၊

(၂) လုပ်ငန်းဆောင်ရွက်ရာ၌ ပိုလျှံသည့်ငွေထဲမှ သီးသန့်ရန်ပုံငွေသို့လွှဲပြောင်းသည့်ငွေများ၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်၏ လုပ်ငန်းဆောင်ရွက်ရာတွင် လိုသည့်ငွေကိုဖြည့်စွက်ရန် သီးသန့်ရန်ပုံငွေမှ သုံးစွဲနိုင်သည်။

၂၉။ ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါ ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်၏ လုပ်ငန်းဆောင်ရွက်ရာမှရရှိသည့် အသားတင် အမြတ်ငွေကို ကျပ်တသန်းအပြည့်စီ လီ၍ အောက်တွင်ဖော်ပြပါအတိုင်း ခွဲဝေရမည်—

(က) သီးသန့်ရန်ပုံငွေသို့ နှစ်ဆယ့်ငါး ရာခိုင်နှုန်း၊

(ခ) နိုင်ငံတော်သို့ ခုနစ်ဆယ့်ငါး ရာခိုင်နှုန်း၊

သို့ရာတွင် သီးသန့်ရန်ပုံငွေလက်ကျန်မှာ ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်၏ မ, တည်ငွေရင်းနှင့် ညီမျှလျှင် သီးသန့်ရန်ပုံငွေသို့ ပေးသွင်းရမည့်ငွေပေါင်းကို နိုင်ငံတော်သို့ ပေးသွင်းရမည်။ ဤပုဒ်မအရ နိုင်ငံတော်သို့ ပေးသွင်းသည့် ငွေပေါင်းကို နိုင်ငံတော်က ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်သို့ပေးရန် ကျန်ရှိသည့်ကြွေးများနှင့် ခုနှိမ်ရမည်။

၃၀။ (က) ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်သည် လုပ်ငန်းဆောင်ရွက်ရာတွင် မိမိတောင်းဆိုရမည်ဖြစ်သော၊ သို့မဟုတ် ခွင့်ပြုရမည်ဖြစ်သော လျှော့နှုန်း၊ တဆင့်လျှော့နှုန်းနှင့် အတိုးနှုန်းများကို နိုင်ငံတော်၏ စီးပွားရေးနှင့် ဘဏ္ဍာရေးမူများနှင့်အညီ အခါအားလျော်စွာ သတ်မှတ်ရမည်၊

(ခ) ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်က အခါအားလျော်စွာ သတ်မှတ်သည့် လျှော့နှုန်း၊ တဆင့်လျှော့နှုန်းနှင့် အတိုးနှုန်းများကို အခြေခံ၍ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်နှင့် မြန်မာ့စိုက်ပျိုးရေးဘဏ်တို့ကလျှော့နှုန်း၊ တဆင့်လျှော့နှုန်းနှင့် အတိုးနှုန်းများကို ပြောင်းလဲသတ်မှတ်ရမည်၊

(ဂ) ပုဒ်မခွဲ(ခ)တွင် မည်သို့ဆိုစေကာမူ ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်၏ လျှော့နှုန်း၊ တဆင့်လျှော့နှုန်းနှင့် အတိုးနှုန်းများနှင့် လိုက်လျောညီစွာ မသတ်မှတ်နိုင်သည့် ကိစ္စရပ်များအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သီးခြားသတ်မှတ်နိုင်သည်။

၃၁။ ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်သည် စီးပွားရေး စီမံကိန်းအရ ငွေသားစီမံကိန်းရေးဆွဲအကောင်အထည်ဖော်နိုင်ရန်နှင့် သုတေသန လုပ်ငန်းများအတွက် လိုအပ်သောစာရင်းအင်းနှင့် အချက်အလက်များကို သက်ဆိုင်ရာတို့ထံမှ တောင်းခံနိုင်သည်။

၃၂။ နှစ်စဉ်၊ နှစ်တို၊ နှစ်ရှည်စီမံကိန်းများအတွက် နိုင်ငံတော်က ခွဲဝေသတ်မှတ်ပေးသော ရင်းနှီးမြှုပ်နှံရန် မ,တည်ရန်ပုံငွေကို သက်ဆိုင်ရာအဖွဲ့အစည်းသည် ချမှတ်ထားသော စီမံကိန်းအတိုင်း အသုံးပြုမှု ရှိ မရှိကို ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်က ကြီးကြပ်ပေးရမည်။

၃၃။ အစိုးရငွေချေး သက်သေခံလက်မှတ် အက်ဥပဒေအရလည်းကောင်း၊ နှစ်စဉ်ပြဋ္ဌာန်းသည့် နိုင်ငံတော်၏ ဘဏ္ဍာငွေ အရ-အသုံးဆိုင်ရာ ဥပဒေအရလည်းကောင်း ငွေချေးသက်သေခံ လက်မှတ်အမျိုးအစားများ ထုတ်ရန်ကိစ္စနှင့် နိုင်ငံတော်၏ ကြွေးမြီစီမံခန့်ခွဲရန်ကိစ္စတို့ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်တို့ သဘောတူသည့် စည်းကမ်းချက်များအတိုင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်သို့ လွှဲအပ်နိုင်သည်။

၃၄။ ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်သည် ရွှေ၊ ငွေနှင့် ဝန်ကြီးအဖွဲ့က သတ်မှတ်သည့် အခြားသတ္တုများကို ဝယ်ယူခြင်း၊ ရောင်းချခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

အခန်း (၈)

# မြန်မာ့စီးပွားရေးဘဏ်

၃၅။ (က) မြန်မာ့စီးပွားရေးဘဏ် စီမံခန့်ခွဲမှုအဖွဲ့ကို အဖွဲ့ဝင်အနည်းဆုံး ၇ ဦးမှ အများဆုံး ၁၁ ဦးဖြင့် ဖွဲ့စည်းရမည်၊

(ခ) စီမံခန့်ခွဲမှုအဖွဲ့တွင်အောက်ပါပုဂ္ဂိုလ်များပါဝင်ရမည် —

(၁) မြန်မာ့စီးပွားရေးဘဏ်၏ အကြီးအကဲ၊

(၂) မြန်မာ့စီးပွားရေးဘဏ်၏ ဒုတိယအကြီးအကဲ၊

(၃) ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်၏ ကိုယ်စားလှယ်၊

(၄) သင့်လျော်သော နိုင်ငံသားများ။

၃၆။ (က) မြန်မာ့စီးပွားရေးဘဏ်၏ အကြီးအကဲသည် စီမံခန့်ခွဲမှုအဖွဲ့၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ယင်းဘဏ်၏ ဒုတိယအကြီးအကဲသည် အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ အဖြစ်လည်းကောင်း ဆောင်ရွက်ရမည်၊

(ခ) စီမံခန့်ခွဲမှုအဖွဲ့သည် အဖွဲ့ဝင်မဟုတ်သော ဘဏ်ဝန်ထမ်းတဦးကို အဖွဲ့၏အတွင်းရေးမှူးအဖြစ် ခန့်ထားရမည်။

၃၇။ **စီမံခန့်ခွဲမှုအဖွဲ့သည် —**

(က) ဤဥပဒေပါ မြန်မာ့စီးပွားရေးဘဏ်၏ လုပ်ပိုင်ခွင့်များနှင့် တာဝန်ဝတ်တရားများကိုတာဝန်ယူဆောင်ရွက်ရမည်၊

(ခ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ လိုအပ်သည့် မူဝါဒများချမှတ်၍ မြန်မာ့စီးပွားရေးဘဏ်၏ လုပ်ငန်းများကို ကြပ်မရမည်။

၃၈။ မြန်မာ့စီးပွားရေးဘဏ်သည် ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်၏ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ ပေါင်းစပ်ညှိနှိုင်း ပေးခြင်းနှင့် စာရင်းစစ်ဆေးခြင်းတို့ကို ခံယူရမည်။

၃၉။ (က) မြန်မာ့စီးပွားရေးဘဏ်၏ မူလမ,တည်ငွေရင်းသည် ကျပ်သန်းပေါင်း ရှစ်ဆယ်ဖြစ်သည်။ ယင်းငွေကိုနိုင်ငံတော်ကလည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံ ဘဏ်ကလည်းကောင်း ရင်းနှီးမြှုပ်နှံငွေအပြည့် ထည့်ဝင်ရမည်၊

(ခ) မ,တည်ငွေကို နိုင်ငံတော်၏ဘဏ္ဍာငွေ အရ-အသုံးဆိုင်ရာဥပဒေအရသာ တိုးနိုင်သည်။

၄၀။ (က) မြန်မာ့စီးပွားရေးဘဏ်တွင် သီးသန့်ရန်ပုံငွေရှိရမည်။ သီးသန့်ရန်ပုံငွေတွင် အောက်ပါငွေများပါဝင်ရမည် —

(၁) နိုင်ငံတော်နှင့်ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်တို့ကကနဦး ထည့်ဝင်သောငွေများ၊

(၂) လုပ်ငန်းဆောင်ရွက်ရာ၌ ပိုလျှံသည့် ငွေထဲမှ သီးသန့် ရန်ပုံငွေသို့ လွှဲပြောင်းသည့်ငွေများ၊

(ခ) မြန်မာ့ စီးပွားရေးဘဏ်က လုပ်ငန်းဆောင်ရွက်ရာတွင် ဖြည့်စွက်ရန်ငွေလိုလျှင် သီးသန့်ရန်ပုံငွေမှသုံးစွဲနိုင်သည်။

၄၁။ ဘဏ္ဍာရေးနှစ် ကုန်ဆုံးသောအခါ မြန်မာ့စီးပွားရေးဘဏ်၏ လုပ်ငန်းဆောင်ရွက်ရာမှ ရရှိသည့် အသားတင်အမြတ်ငွေကို ကျပ်တသန်း အပြည့်စီ လီ၍ အောက်ပါအတိုင်း ခွဲဝေရမည်—

(က) သီးသန့်ရန်ပုံငွေသို့ နှစ်ဆယ့်ငါး ရာခိုင်နှုန်း၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်သို့ နှစ်ဆယ့်ငါး ရာခိုင်နှုန်း၊

(ဂ) နိုင်ငံတော်သို့ ငါးဆယ် ရာခိုင်နှုန်း၊

သို့ရာတွင် သီးသန့်ရန်ပုံငွေ လက်ကျန်မှာ မြန်မာ့စီးပွားရေး ဘဏ်၏ မတည်ငွေနှင့် ညီမျှလျှင်သီးသန့်ရန်ပုံငွေသို့ ပေးသွင်းရမည့် ငွေပေါင်းကို ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်သို့ လေးဆယ် ရာခိုင်နှုန်းနှင့် နိုင်ငံတော်သို့ ခြောက်ဆယ် ရာခိုင်နှုန်းပေးသွင်းရမည်။

၄၂။ မြန်မာ့စီးပွားရေးဘဏ်သည်—

(က) ချေးတာ စုဆောင်းရေးလုပ်ငန်းကို ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ယင်းအတွက် ငွေတိုက်လက်မှတ်များ၊ ငွေစုလက်မှတ်များ၊ ငွေစုတံဆိပ်ခေါင်းများနှင့် ချေးတာစုဆောင်းရေးနှင့် စပ်လျဉ်းသည့် အခြားစာရွက် စာတမ်းများကို ထုတ်ပိုင်ခွင့်ရှိသည်၊

(ခ) ချေးတာစုဆောင်းရေး လုပ်ငန်းနှင့် သက်ဆိုင်သောရှိရင်းစွဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၄၃။ မြန်မာ့စီးပွားရေးဘဏ်သည် စီမံခန့်ခွဲမှု အဖွဲ့က သတ်မှတ်သည့် စည်းကမ်းချက်များနှင့်အညီ အသေးစားချေးငွေကို ထုတ်ချေးနိုင်သည်။ ယင်းသို့ချေးရာတွင် ရွှေပြောင်းနိုင်သည့် ပစ္စည်းကိုအပေါင်ထား၍ ချေးရမည်။

၄၄။ မြန်မာ့စီးပွားရေးဘဏ်သည် အသေးစားချေးငွေ လုပ်ငန်းကို ဆောင်ရွက်ရာတွင် အောက်ပါလုပ်ငန်းများကိုလည်း ဆောင်ရွက်ရမည်—

(က) အသေးစား ချေးငွေဌာနခွဲများနှင့် အရောင်းဌာနများ ဖွင့်လှစ်ခြင်း၊

(ခ) ငွေချေးယူသူများက ဘဏ်တွင် ပေါင်နှံ၍ မရွေးယူပဲ ထားသောပစ္စည်းများကို ဥပဒေနှင့်အညီ ထုခွဲရောင်းချခြင်း။

၄၅။ မြန်မာ့ စီးပွားရေး ဘဏ်သည် အောက်ပါ လုပ်ငန်းများကို ဆောင်ရွက်နိုင်သည်—

(က) ချေးငွေများအတွက် သော်လည်းကောင်း၊ ကြိုတင်ထုတ်ပေးငွေများအတွက် သော်လည်းကောင်း၊ အပ်ငွေထက်ပိုထုတ်ငွေများအတွက် သော်လည်းကောင်း အာမခံအဖြစ် ဘဏ်သို့ပေါင်နှံပြီးနောက်၊ သို့မဟုတ် လွှဲအပ်ပြီးနောက် သတ်မှတ်ထားသည့် စည်းကမ်းချက်နှင့်အညီ ရွေးယူသင့်သော အချိန်တွင် မရွေးယူပဲထားသည့်ပစ္စည်း၊ ကုန်စည်၊ လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းနှင့် အခြားအာမခံများကို ဥပဒေနှင့်အညီရောင်းခြင်း၊ သို့မဟုတ် လက်ဝယ်ထားခြင်း၊

(ခ) သေတမ်းစာ အတည်ပြုသူအဖြစ်ဖြင့် သော်လည်းကောင်း၊ ယုံကြည်အပ်နှံခံရသူအဖြစ်ဖြင့်သော်လည်းကောင်း၊ ဒီဘင်ချာယုံကြည်အပ်နှံမှုစာချုပ်တခုခုအရသော်လည်းကောင်း၊ အခြားနည်းဖြင့် သော်လည်းကောင်း အမွေပစ္စည်းများကိုဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းနှင့် အမွေစားအမွေခံတို့အား ပစ္စည်းခွဲဝေသတ်မှတ်ပေးခြင်း၊

(ဂ) ချေးငွေများ၊ ဒီဘင်ချာစာချုပ်များနှင့် အစုရှယ်ယာများထုတ်ရာ၌ ပါဝင်၍အာမခံခြင်း၊ သို့မဟုတ်စေ့စပ်ပြောဆိုခြင်း၊ သို့မဟုတ်စီမံခန့်ခွဲခြင်း။

၄၆။ မြန်မာ့စီးပွားရေးဘဏ်သည်—

(က) စက်မှုလက်မှု လုပ်ငန်းအပါအဝင် စီးပွားရေးလုပ်ငန်းများအားငွေချေးခွင့်ရှိသည်။ ယင်းအတွက်နှစ်စဉ်၊ နှစ်တို၊ နှစ်ရှည်စီးပွားရေး စီမံကိန်းပါလုပ်ငန်းများ အတွက်လည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနက အခါအားလျော်စွာ ညွှန်ကြားသည့် လုပ်ငန်းများအတွက်လည်းကောင်း ချေးငွေများကို ဘဏ္ဍာရေးစီမံကိန်းနှင့်အညီ ထုတ်ချေးနိုင်သည်၊

(ခ) ချေးငွေများကိုနှစ်စဉ်၊ နှစ်တို၊ နှစ်ရှည်စီးပွားရေးစီမံကိန်းများနှင့်လိုက်လျောညီထွေအသုံးပြုခြင်း ရှိ မရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများအား ကြီးကြပ်ပိုင်ခွင့်ရှိသည်။

၄၇။ မြန်မာ့စီးပွားရေးဘဏ်သည်——

(က) ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် ငွေချေးယူနိုင်သည်၊

(ခ) ချေးယူရရှိသည့် ငွေကိုဝန်ကြီးအဖွဲ့က ချမှတ်ထားသည့် မူဝါဒများနှင့်အညီ စက်မှုလက်မှု လုပ်ငန်းအပါအဝင် စီးပွားရေးလုပ်ငန်းများသို့ သင့်လျော်သော စည်းကမ်းချက်များဖြင့် ပြန်လည်ထုတ်ချေးခွင့်ရှိသည်။

၄၈။ မြန်မာ့စီးပွားရေးဘဏ်သည် ပုဒ်မ ၄၆ နှင့် ၄၇ တို့အရ မိမိ၏ အလုပ်ဝတ္တရားများ ဆောင်ရွက်ရာတွင် အောက်ပါ လုပ်ငန်းများကိုလည်း ဆောင်ရွက်ရမည်—

(က) သမဝါယမနှင့် ပုဂ္ဂလိကပိုင် စက်မှုလက်မှု လုပ်ငန်းများ အပါအဝင် စီးပွားရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ငွေရေးကြေးရေးကြီးကြပ်မှုတွင် နိုင်ငံတော်အား ကူညီခြင်း၊

(ခ) စက်မှုလက်မှုလုပ်ငန်းအပါအဝင် စီးပွားရေးလုပ်ငန်းများ အတွက် ငွေရေးကြေးရေးတာဝန်များ ကျေပွန်စွာ ပြီး ဆုံးသည့်တိုင်အောင် နည်းလမ်းတကျ ဆောင်ရွက်စေခြင်း အလို့ငှာ အာမခံပေးခြင်း၊

(ဂ) စက်မှုလက်မှုလုပ်ငန်းအပါအဝင် စီးပွားရေး လုပ်ငန်း များအတွက် စီမံခန့်ခွဲသူ၊ စက်မှုလက်မှု ကျွမ်းကျင်သူတို့ နှင့် ယင်းတို့၏ အကြံဉာဏ်များကိုရရှိအောင် စီမံဆောင် ရွက်ခြင်း၊

(ဃ) စက်မှုလက်မှုလုပ်ငန်းအတွက် ငွေထုတ်ချေးခြင်းနှင့် စပ် လျဉ်း၍ နိုင်ငံတော်က မိမိအား တာဝန်လွှဲအပ်သော ငွေကြေးထောက်ပံ့ခြင်း လုပ်ငန်းကို အားပေး ချီးမြှင့် ခြင်း၊ ယင်းတို့နှင့် ဆက်စပ်နေသော၊ သို့မဟုတ်အထောက် အပံ့ဖြစ်သော ကိစ္စအရပ်ရပ်ကို ဆောင်ရွက်ခြင်း။

## အခန်း (၉)

## မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်

၄၉။ (က) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် စီမံခန့်ခွဲမှုအဖွဲ့ကို အဖွဲ့ဝင် အနည်းဆုံး ၇ ဦးမှ အများဆုံး ၁၁ ဦးဖြင့်ဖွဲ့စည်းရမည်၊

(ခ) စီမံခန့်ခွဲမှုအဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်ရမည်—

(၁) မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၏အကြီးအကဲ၊

(၂) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၏ ဒုတိယအကြီးအကဲ၊

(၃) ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်၏ ကိုယ်စားလှယ်၊

(၄) သင့်လျော်သော နိုင်ငံသားများ။

၅၀။ (က) မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၏ အကြီးအကဲသည် စီမံခန့်ခွဲမှုအဖွဲ့၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ယင်းဘဏ်၏ ဒုတိယအကြီးအကဲသည် အဖွဲ့၏ဒုတိယ ဥက္ကဋ္ဌ အဖြစ်လည်းကောင်း ဆောင်ရွက်ရမည်၊

(ခ) စီမံခန့်ခွဲမှုအဖွဲ့သည် အဖွဲ့ဝင်မဟုတ်သော ဘဏ်ဝန်ထမ်း တဦးကို အဖွဲ့၏အတွင်းရေးမှူးအဖြစ် ခန့်ထားရမည်။

၅၁။ စီမံခန့်ခွဲမှုအဖွဲ့သည်–

(က) ဤဥပဒေပါ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၏ လုပ်ပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများကို တာဝန်ယူ ဆောင်ရွက်ရမည်၊

(ခ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ လိုအပ်သည့်မူဝါဒများချမှတ်၍ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၏ လုပ်ငန်းများကို ကြပ်မရမည်။

၅၂။ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်သည် ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်၏ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် စာရင်းစစ်ဆေးခြင်းတို့ကို ခံယူရမည်။

၅၃။ (က) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၏ မူလ မ,တည်ငွေရင်းသည် ကျပ်သန်းပေါင်း သုံးဆယ်ဖြစ်သည်။ ယင်းငွေကို နိုင်ငံတော်ကလည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်ကလည်းကောင်း ရင်းနှီးမြှုပ်နှံငွေအပြည့် ထည့်ဝင်ရမည်၊

(ခ) မ,တည်ငွေကို နိုင်ငံတော်၏ ဘဏ္ဍာငွေ အရ–အသုံးဆိုင်ရာ ဥပဒေအရသာ တိုးနိုင်သည်။

၅၄။ (က) မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်တွင် သီးသန့်ရန်ပုံငွေ ရှိရမည်။ သီးသန့်ရန်ပုံငွေတွင် အောက်ပါငွေများ ပါဝင်ရမည်–

(၁) နိုင်ငံတော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ဘဏ်တို့က ကနဦးထည့်ဝင်သောငွေများ၊

(၂) လုပ်ငန်းဆောင်ရွက်ရာ၌ ပိုလျှံသည့်ငွေထဲမှ သီးသန့်ရန်ပုံငွေသို့ လွှဲပြောင်းသည့်ငွေများ၊

(ခ) မြန်မာ့ နိုင်ငံခြားကုန်သွယ်မှုဘဏ်က လုပ်ငန်းဆောင်ရွက်ရာတွင် ဖြည့်စွက်ရန်ငွေလိုလျှင် သီးသန့်ရန်ပုံငွေမှ သုံးစွဲနိုင်သည်။

၃၃။ ဘဏ္ဍာရေးနှစ် ကုန်ဆုံးသောအခါ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၏ လုပ်ငန်းဆောင်ရွက်ရာမှ ရရှိသည့်အသားတင်အမြတ်ငွေကို ကျပ်တသန်း အပြည့်စီ လီ၍ အောက်ပါအတိုင်း ခွဲဝေရမည်—

(က) သီးသန့်ရန်ပုံငွေသို့ နှစ်ဆယ့်ငါး ရာခိုင်နှုန်း၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်သို့ နှစ်ဆယ့်ငါး ရာခိုင်နှုန်း၊

(ဂ) နိုင်ငံတော်သို့ ငါးဆယ် ရာခိုင်နှုန်း၊

သို့ရာတွင် သီးသန့်ရန်ပုံငွေလက်ကျန်မှာ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၏ မှတည်ငွေနှင့်ညီမျှလျှင် သီးသန့်ရန်ပုံငွေသို့ ပေးသွင်းရမည့်ငွေပေါင်းကို ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်သို့ လေးဆယ် ရာခိုင်နှုန်းနှင့် နိုင်ငံတော်သို့ ခြောက်ဆယ် ရာခိုင်နှုန်း ပေးသွင်းရမည်။

၃၄။ မြန်မာ့ နိုင်ငံခြား ကုန်သွယ်မှုဘဏ်သည် ပြည်တွင်းတွင် ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ နိုင်ငံခြားကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက်ငွေချေးယူနိုင်သည်။

၃၅။ မြန်မာ့ နိုင်ငံခြား ကုန်သွယ်မှုဘဏ်သည် ပြည်ပ ကုန်သွယ်မှုနှင့် စပ်လျဉ်းသည့် နိုင်ငံခြား ငွေပေးငွေယူလုပ်ငန်းနှင့် ကုန်သွယ်မှုနှင့်မသက်ဆိုင်သောနိုင်ငံခြားငွေပေးငွေယူလုပ်ငန်းအဝဝတို့ကိုဆောင်ရွက်ရမည်။

၃၆။ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်သည် နိုင်ငံခြားသုံးငွေပေးချေမှု၊ လက်ခံမှုနှင့်စပ်လျဉ်း၍ သဘောတူ စာချုပ် ချုပ်ဆိုခြင်းများကို ဝန်ကြီးအဖွဲ့၊ သို့မဟုတ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ တာဝန်ပေးချက်အရ ပြုလုပ်နိုင်သည်။

၃၉။ မြန်မာ့ နိုင်ငံခြားကုန်သွယ်မှုဘဏ်သည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်–

(က) နိုင်ငံခြားငွေ အဝင် အထွက်ကို ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်၏ကိုယ်စား ကြီးကြပ်ခြင်း၊

(ခ) နိုင်ငံခြားငွေ ရောင်းဝယ်မှုအတွက် ကိုယ်စားလှယ်များကို ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်၏ ခွင့်ပြုချက်အရခန့်ထားခြင်း၊

(ဂ) နိုင်ငံအချင်းချင်း ကုန်ဖလှယ်မှုစာချုပ်အရငွေစာရင်းများ ထားရှိခြင်း။

# အခန်း (၁၀)

## မြန်မာ့စိုက်ပျိုးရေးဘဏ်

၆၀။ (က) မြန်မာ့စိုက်ပျိုးရေးဘဏ်စီမံခန့်ခွဲမှုအဖွဲ့ကို အဖွဲ့ဝင်အနည်းဆုံး ၇ ဦးမှ အများဆုံး ၁၁ ဦးဖြင့် ဖွဲ့စည်းရမည်၊

(ခ) စီမံခန့်ခွဲမှုအဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်ရမည်-

(၁) မြန်မာ့စိုက်ပျိုးရေးဘဏ်၏ အကြီးအကဲ၊

(၂) မြန်မာ့စိုက်ပျိုးရေးဘဏ်၏ ဒုတိယအကြီးအကဲ၊

(၃) ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်၏ ကိုယ်စားလှယ်၊

(၄) သင့်လျော်သော နိုင်ငံသားများ။

၆၁။ (က) မြန်မာ့စိုက်ပျိုးရေးဘဏ်၏ အကြီးအကဲသည် စီမံခန့်ခွဲမှုအဖွဲ့၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ယင်းဘဏ်၏ ဒုတိယအကြီးအကဲသည် အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ အဖြစ်လည်းကောင်း ဆောင်ရွက်ရမည်၊

(ခ) စီမံခန့်ခွဲမှုအဖွဲ့သည် အဖွဲ့ဝင်မဟုတ်သော ဘဏ်ဝန်ထမ်းတဦးကို အဖွဲ့၏ အတွင်းရေးမှူးအဖြစ် ခန့်ထားရမည်။

၆၂။ စီမံခန့်ခွဲမှုအဖွဲ့သည်—

(က) ဤဥပဒေပါ မြန်မာ့စိုက်ပျိုးရေးဘဏ်၏ လုပ်ပိုင်ခွင့်များနှင့် တာဝန် ဝတ္တရားများကို တာဝန်ယူ ဆောင်ရွက်ရမည်၊

(ခ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ လိုအပ်သည့်မူဝါဒများချမှတ်၍ မြန်မာ့စိုက်ပျိုးရေးဘဏ်၏လုပ်ငန်းများကိုကြပ်မတ်ရမည်။

၆၃။ မြန်မာ့စိုက်ပျိုးရေးဘဏ်သည် ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်၏ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ ပေါင်းစပ် ညှိနှိုင်းပေးခြင်းနှင့် စာရင်းစစ်ဆေးခြင်းတို့ကို ခံယူရမည်။

၆၄။ (က) မြန်မာ့ စိုက်ပျိုးရေးဘဏ်၏ မူလ မတည်ငွေရင်းသည် ကျပ်သန်းပေါင်းလေးဆယ်ဖြစ်သည်။ ယင်းငွေကို နိုင်ငံတော်ကလည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်ကလည်းကောင်း ရင်းနှီးမြှုပ်နှံငွေ အပြည့် ထည့်ဝင်ရမည်၊

(ခ) မတည်ငွေကိုနိုင်ငံတော်၏ ဘဏ္ဍာငွေ အရ-အသုံးဆိုင်ရာ ဥပဒေအရသာ တိုးနိုင်သည်။

၆၅။ (က) မြန်မာ့စိုက်ပျိုးရေးဘဏ်တွင် သီးသန့်ရန်ပုံငွေ ရှိရမည်။ သီးသန့်ရန်ပုံငွေတွင် အောက်ပါငွေများ ပါဝင်ရမည်—

(၁) နိုင်ငံတော်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်တို့က ကနဦးထည့်ဝင်သောငွေများ၊

(၂) လုပ်ငန်းဆောင်ရွက်ရာ၌ ပိုလျှံသည့်ငွေထဲမှ သီးသန့်ရန်ပုံငွေသို့ လွှဲပြောင်းသည့် ငွေများ၊

(ခ) မြန်မာ့စိုက်ပျိုးရေးဘဏ်က လုပ်ငန်း ဆောင်ရွက်ရာတွင် ဖြည့်စွက်ရန်ငွေလိုလျှင် သီးသန့်ရန်ပုံငွေမှ သုံးစွဲနိုင်သည်။

၆၆။ ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါတွင် မြန်မာ့စိုက်ပျိုးရေးဘဏ်၏ လုပ်ငန်းဆောင်ရွက်ရာမှ ရရှိသည့် အသားတင်အမြတ်ငွေကို ကျပ်တသန်း အပြည့်စီ လီ၍ အောက်ပါအတိုင်း ခွဲဝေရမည်—

(က) သီးသန့်ရန်ပုံငွေသို့ နှစ်ဆယ့်ငါး ရာခိုင်နှုန်း၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်သို့ နှစ်ဆယ့်ငါး ရာခိုင်နှုန်း၊

(ဂ) နိုင်ငံတော်သို့ ငါးဆယ် ရာခိုင်နှုန်း၊

သို့ရာတွင် သီးသန့်ရန်ပုံငွေလက်ကျန်မှာ မြန်မာ့စိုက်ပျိုးရေးဘဏ်၏ မ,တည်ငွေနှင့် ညီမျှလျှင် သီးသန့်ရန်ပုံငွေသို့ ပေးသွင်းရမည့်ငွေပေါင်းကို ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်သို့ လေးဆယ်ရာခိုင်နှုန်းနှင့်နိုင်ငံတော်သို့ ခြောက်ဆယ်ရာခိုင်နှုန်း ပေးသွင်းရမည်။

၆၇။ ရပ်ကွက်နှင့် ကျေးရွာအုပ်စုဘဏ်များကို ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွဲ့စည်းနိုင်သည်။

၆၈။ မြန်မာ့စိုက်ပျိုးရေးဘဏ်သည် နိုင်ငံပိုင် လယ်ယာ အဖွဲ့အစည်းများ၊ သမဝါယမလယ်ယာအဖွဲ့အစည်းများ၊ အစုစပ်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ တိရစ္ဆာန်မွေးမြူရေး လုပ်ငန်းများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုဘဏ်များ၊ တောင်သူလယ်သမားနှင့် လယ်ယာအလုပ်သမားများအား နှစ်စဉ်၊ နှစ်တို၊ နှစ်ရှည်ချေးငွေများကို ထုတ်ချေးနိုင်သည်။

၆၉။ ချေးငွေများကို အောက်ပါ ကာလအပိုင်းအခြားအတိုင်း ထုတ်ချေးရမည်—

(က) နှစ်စဉ်ချေးငွေဖြစ်လျှင် တနှစ်အထိ၊

(ခ) နှစ်တိုချေးငွေဖြစ်လျှင် တနှစ်အထက်မှ လေးနှစ်အထိ၊

(ဂ) နှစ်ရှည်ချေးငွေဖြစ်လျှင် လေးနှစ်အထက်မှ အနှစ်နှစ်ဆယ် အထိ။

၇၀။ ပြန်လည်မပေးဆပ်သည့်ကြွေးများကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိ သကဲ့သို့ အရတောင်းခံရယူနိုင်သည်။

၇၁။ (က) မြန်မာ့စိုက်ပျိုးရေးဘဏ်သည် ပြည်တွင်းတွင် ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ စိုက်ပျိုးရေးဖွံ့ဖြိုး တိုးတက်မှုအတွက် ငွေချေးယူနိုင်သည်၊

(ခ) ချေးယူရရှိသည့်ငွေကို ဝန်ကြီးအဖွဲ့က ချမှတ်ထားသည့် မူဝါဒများနှင့်အညီ စိုက်ပျိုးရေးလုပ်ငန်းနှင့် တိရစ္ဆာန် မွေးမြူရေးလုပ်ငန်းများသို့ သင့်လျော်သော စည်းကမ်း ချက်များဖြင့် ပြန်လည်ထုတ်ချေးခွင့်ရှိသည်။

၇၂။ မှတ်ပုံတင်အက်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ မြန်မာ့ စိုက်ပျိုးရေးဘဏ်က သော်လည်းကောင်း၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ဘဏ်များကသော်လည်းကောင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက် ထုတ်ချေးသော ငွေများနှင့်စပ်လျဉ်း၍ ချုပ်ဆိုသော စာချုပ်စာတမ်း များမှာ မှတ်ပုံတင်ခြင်းမှ ကင်းလွတ်ခွင့်ရသည့်ပြင် ရှိရင်းစွဲ ဥပဒေအရ တံဆိပ်ခေါင်းခွန်ပေးဆောင်ခြင်းမှလည်း ကင်းလွတ်စေရမည်။

## အခန်း (၁၁)

## ငွေစာရင်းများနှင့် စာရင်းစစ်ဆေးခြင်း

၇၃။ ဘဏ်များ၏ ဘဏ္ဍာရေးနှစ်သည် နိုင်ငံတော်၏ ဘဏ္ဍာရေးနှစ်အတိုင်း ဖြစ်ရမည်။

၇၄။ ဘဏ်များ၏ငွေစာရင်းများကို ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့က သတ်မှတ်သည့်အတိုင်း စစ်ဆေးရမည်။

၇၅။ (က) ဘဏ်အသီးသီးသည် ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့်အခါတိုင်း နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်သည့်အတိုင်း ပြုလုပ်ရမည်၊

(ခ) သက်ဆိုင်ရာ စစ်ဆေးရေးအဖွဲ့က မှန်ကန်ကြောင်းလက်မှတ်ရေးထိုးသည့် နှစ်ချုပ်ငွေစာရင်း ရှင်းတမ်းတစောင်စီကိုဘဏ်အသီးသီး၏ နှစ်ချုပ်အစီရင်ခံစာနှင့်အတူ ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် ၆ လအတွင်း ဝန်ကြီးအဖွဲ့သို့ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနမှတဆင့် တင်ပြရမည်။

# အခန်း (၁၂)

## အထွေထွေ

၇၆။ ဒါရိုက်တာအဖွဲ့နှင့် စီမံခန့်ခွဲမှုအဖွဲ့များ၏ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့၏ အကျိုးခံစားခွင့်များကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်ပေးရမည်။

၇၇။ ဒါရိုက်တာအဖွဲ့နှင့် စီမံခန့်ခွဲမှုအဖွဲ့တို့သည် တစ်ရပ်တခုသောကိစ္စကို ဆောင်ရွက်ရန် ကော်မီတီများကို ဖွဲ့စည်းနိုင်သည်။ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို သင့်လျော်သလို သတ်မှတ်ပေးရမည်။

၇၈။ ဒါရိုက်တာအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့၊ သို့မဟုတ်ကော်မီတီတွင် နေရာတခုခုလစ်လပ်လျက်ရှိသည့် အကြောင်းကြောင့်အဖွဲ့၊ သို့မဟုတ် ကော်မီတီက ဆောင်ရွက်သောကိစ္စနှင့် မှုခင်းများသည် မပျက်ပြယ်စေရ။ ထို့ပြင် အဖွဲ့၊ သို့မဟုတ်ကော်မီတီကို အသစ်ဖွဲ့စည်းရန်လိုအပ်၍ ဖွဲ့စည်းရသည့်အခါဖျက်သိမ်းခြင်းခံရသည့်အဖွဲ့၊ သို့မဟုတ်ကော်မီတီ၏ ဆောင်ရွက်ခဲ့သောကိစ္စနှင့်မှုခင်းများသည် မပျက်ပြယ်စေရ။

၇၉။ ဘဏ်အသီးသီးသည် မိမိ၏ လုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် အဆောက်အဦနှင့် လုပ်ငန်းဥပစာများကို ဥပဒေနှင့်အညီရယူခြင်း၊ ပြုပြင်ထားရှိခြင်းနှင့် ရောင်းချခြင်းတို့ကို ပြုလုပ်နိုင်သည်။

၁၀။ ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်၏ဒါရိုက်တာအဖွဲ့ဝင်များ၊အခြား ဘဏ်အသီးသီး၏ စီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် ကော်မီတီဝင်များသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟုမှတ်ယူရမည်။

၁၁။ ဘဏ်အသီးသီးပိုင် ပစ္စည်းမှန်သမျှသည် နိုင်ငံတော်ပိုင်ပစ္စည်း ဖြစ်သည်။

၁၂။ ရှိရင်းစွဲဥပဒေတရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဘဏ်အသီးသီးသည် ဝင်ငွေခွန်ဖြစ်စေ၊ ကုန်သွယ်လုပ်ငန်းခွန်များကိုဖြစ်စေ ပေးဆောင်ရန်တာဝန် မရှိစေရ။

၁၃။ ရှိရင်းစွဲဥပဒေတရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဘဏ်အသီးသီး၏ ကြွေးမြီများကို တောင်းခံရယူရာတွင် နိုင်ငံတော်သို့ ပေးဆပ်ရမည့် ကြွေးမြီနှင့် အခွန်များမှတပါး အခြားကြွေးမြီနှင့် အခွန်အားလုံးထက် ဦးစားပေးရမည်။

၁၄။ မြန်မာနိုင်ငံကုမ္ပဏီ အက်ဥပဒေအခန်း ၁၀ (က) ပါပြဋ္ဌာန်းချက်များသည် ဘဏ်များနှင့် မသက်ဆိုင်စေရ။

၁၅။ ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယားရှိ အပိုဒ် ၁၄၉ သည် ဘဏ်အသီးသီးက စွဲဆိုသည့်တရားမမှုများနှင့် သက်ဆိုင်စေရမည်။

၁၆။ (က) ၁၉၆၇ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ဘဏ် ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်၊

(ခ) ၁၉၆၇ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ဘဏ် ဥပဒေအရ ဖွဲ့စည်းထားသော ပြည်ထောင်စုမြန်မာနိုင်ငံ ဘဏ်၏ လုပ်ငန်းများအနက်မှ ဆိုင်သင့်ရာရာများကို ဤဥပဒေအရ တည်ထောင်သော ဘဏ်များက ရပိုင်ခွင့်နှင့်ကြွေးမြီ တာဝန်များနှင့်အတူ ဆက်ခံရမည်၊

(ဂ) ၁၉၆၇ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ဘဏ် ဥပဒေအရ ဖွဲ့စည်းထားသော ပြည်ထောင်စုမြန်မာနိုင်ငံ

ဘဏ်ကပြုလုပ်ခဲ့သည့်၊ သို့မဟုတ်ချုပ်ဆိုခဲ့သည့် သဘော တူစာချုပ်များသည် သက်ဆိုင်ရာ လုပ်ငန်းအလိုက် ဆက်ခံသည့် ဘဏ်အသီးသီးက ပြုလုပ်သည့်၊ သို့မဟုတ် ချုပ်ဆိုသည့် သဘောတူစာချုပ်များ ဖြစ်သည်ဟုမှတ်ယူ ရမည်၊

(ဃ) ဤဥပဒေအရ တည်ထောင်သည့် ဘဏ်များစတင်တာဝန် ထမ်းဆောင်နိုင်သည်အထိ လက်ရှိပြည်ထောင်စုမြန်မာ နိုင်ငံဘဏ်သည် ၁၉၆၇ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ဘဏ် ဥပဒေအတည်ဖြစ်နေဘိသကဲ့သို့ လုပ်ငန်း တာဝန်များကို ထမ်းဆောင်ရမည်။

၈၇။ ၁၉၆၇ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံပြည်သူ့ဘဏ် ဥပဒေအရ ဖွဲ့စည်းထားသည့် ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်နှင့် ယင်းဘဏ်၏ လုပ်ငန်းဌာနများ၏ ရန်ပုံငွေများကို ဝန်ကြီးအဖွဲ့၏ သဘောတူညီချက် ဖြင့်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက စီမံခန့်ခွဲနိုင်သည်၊ သို့မဟုတ် ဤဥပဒေအရ တည်ထောင်ဖွဲ့စည်းထားသော ဘဏ်အသီးသီးအားစီမံခန့်ခွဲ စေနိုင်သည်၊ သို့မဟုတ် သင့်လျော်အောင် ညှိနှိုင်းရှင်းလင်းနိုင်သည်၊ သို့မဟုတ် ညှိနှိုင်းရှင်းလင်းစေနိုင်သည်။

၈၈။ (က) ရုပ်သိမ်းလိုက်သည့် ဥပဒေအရဖြစ်စေ၊ အခြားလုပ်ပိုင် ခွင့် တခုခုအရဖြစ်စေ ပြဋ္ဌာန်းသည့် နည်းဥပဒေများ၊ ထုတ်ပြန်သည့်စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့် များ၊ ညွှန်ကြားချက်များသည် ဤဥပဒေနှင့်မဆန့်ကျင် သမျှ၊ သို့မဟုတ် ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းမပြုသေး သမျှဆက်လက် အကျိုးသက်ရောက်စေရမည့်အပြင် ဤ ဥပဒေနှင့်အညီ ပြဋ္ဌာန်းသည့်နည်းဥပဒေများ၊ ထုတ်ပြန် သည့်စည်းမျဉ်းများ၊စည်းကမ်းများ၊အမိန့်များ၊သို့မဟုတ် ညွှန်ကြားချက်များဖြစ်သည်ဟူ၍ မှတ်ယူရမည်၊

(ခ) ဆက်လက်အကျိုး သက်ရောက်သော နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ သို့မဟုတ်

ညွှန်ကြားချက်များအရ ဆိုင်သင့်ရာရာ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ်တရားများကို ဤဥပဒေအရတည်ထောင်ထားသောဘဏ် အသီးသီးကအခါအားလျော်စွာ သတ်မှတ်သည့်အဖွဲ့အစည်း၊ သို့မဟုတ် ဝန်ထမ်းများက ကျင့်သုံးဆောင်ရွက်နိုင်သည်။

၄၉။ ဤဥပဒေပါပြဋ္ဌာန်းချက်များကိုထမြောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ စည်းမျဉ်းများ၊ စည်းကမ်းများကို ဝန်ကြီးအဖွဲ့ကလည်းကောင်း၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကလည်းကောင်း ထုတ်ပြန်နိုင်သည်။

၅၀။ (က) မည်သူမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက်တခုခုကို ဖောက်ဖျက် ကျူးလွန်လျှင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် တရားစွဲဆိုခြင်းခံရမည်၊

(ခ) မည်သူမဆိုပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ၅ နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးထောင်အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ စီရင်ခြင်းခံစေရမည်။